# နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 80 , December 11, 2020)

၁။ ကိုယ်စားလှယ်လောင်း ရွေးကောက်ပွဲအသုံးစာရင်းတင်သွင်းမှု မိုးညှင်းခရိုင်တွင် ၉၀ ရာခိုင်နှုန်းပြီးစီး

၂။ အင်ခိုင်ဘွမ်အမျိုးသားဥယျာဉ်အတွင်း မြေဧက ၄၀၀၀ ကျော်ကို CF သတ်မှတ်ပေးရန် တန်ဖရဲဒေသခံများ တောင်းဆို

၃။ ဗန်းမော် တစ်မြို့လုံးစာ အမှိုက်ပုံ မီးလောင်မှုကြောင့် လေထုညစ်ညမ်းမှုကို အမြန်ဖြေရှင်းပေးရန်ဒေသခံများ တောင်းဆို

၄။ ကွန်ပြူတာ ချို့ယွင်းချက်တစ်ချို့ကြောင့် ကန်ပိုင်တီ နယ်စပ်ဂိတ် ခေတ္တပိတ်မှု ဖြစ်ပွားခဲ့

၅။ ၂၂ နှစ်အတွင်းမိုးဖြဲ ဆည်ရေ အနည်းဆုံးရေ အမှတ်သို့ရောက်ရှိ၊ နွေစပါးအတွက် လျာထားဧကရဲ့ ၄ပုံ ၁ပုံသာ ပေးနိုင်မည်

၆။ ကိုဗစ်ကာလ ဖားဆောင်းမြို့ ဆိပ်ကမ်းရှိ စက်လှေသမားတွေ ကုန်တွေကို အကြိမ်ရေလျှော့ချသယ်ဆောင်ရ

၇။ လွိုင်ကော်မြို့တွင် ပိုးတွေ့လူနာ ၆ဦးထပ်မံတွေ့ရှိ၊ စုစုပေါင်း ၅၃ ဦးရှိလာ

၈။ မြန်မာ့ ငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ် ဆန်းစစ်လေ့လာထားသည့် စာစောင်များမိတ်ဆက်

၉။ KNU နှင့် တပ်မတော်တို့ စစ်ရေးတင်းမာမှုများကြောင့် မဲပိုင်ဒေသခံရာချီ တိမ်းရှောင်နေရ

၁၀။ နှမ်းသီးနှံပေါ်ချိန် ယခင်နှစ်ထက် ဈေးနှုန်း ၂၀,၀၀၀ ကျော်အထိ ကျဆင်းလာ

၁၁။ ကိုဗစ်ကာလအတွင်း မြန်မာပြည်တောင်ပိုင်းရှိ တိုင်းရင်းသားများ လူ့အခွင့်အရေးချိုးဖောက်ခံနေရဆဲဟု KHRG ပြော

၁၂။ မြိုင်ကြီးငူစစ်ရှောင်များ စားနပ်ရိက္ခာ အရေးပေါ်လိုအပ်နေ၊ ထောက်ပံ့ပေးရန်စီစဉ်နေဟု ပြည်နယ်ဝန်ကြီးပြော

၁၃။ အမျိုးသားရေးနှင့် နိုင်ငံရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ကရင်၊ မွန်၊ ရှမ်း၊ ပအိုဝ်းလူငယ်များ လုပ်ငန်းစဉ်ချမည်

၁၄။ ရေမည်းပြဿနာ ဖြေရှင်းပေးရေး နိုင်ငံတော်အတိုင်ပင်ခံနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ထံ Goldman ဆုရှင် အိတ်ဖွင့်ပေးစာ ပေးပို့တောင်းဆို

၁၅။ ချင်းအက်ဥပဒေ ပြင်ဆင်ရေး ကြိုးပမ်းမည်ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နီရွှေလျန်ပြော

၁၆။ ပညာရေးကဏ္ဍကို အဓိကဦးစားပေးဆောင်ရွက်မည်ဟု ချင်းအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များဆို

၁၇။ လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် ပလက်ဝမြို့နယ်မှ လွှတ်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအသုံး စရိတ်တင်သွင်းရန် အခက်အခဲဖြစ်နေ

၁၈။ **သီမြစ်-မြစ်ရေတင်စီမံကိန်း မပြီးစီးနိုင်သည့်ကိစ္စ အစိုးရမှပြတ်ပြတ်သားသားဆောင်ရွက်ရန်လိုအပ်ဟု ဦးအောင်လျန်းပြော**

၁၉။ **လက်သန်းနိုင်ငံရေးအပေါ် ယုံကြည်မှုကင်းမဲ့လာပြီး လက်ညှိုးတော်လှန်ရေးဘက်သို့ လူငယ်များအားသန်လာမည်ကို စိုးရိမ်မိကြောင်း မွန်ပြည်သစ်ပါတီခေါင်းဆောင်တစ်ဦးပြောကြား**

၂၀။ **အသွားအလာကန့်သတ်ထားချိန်တွင် မွန်ပြည်နယ်ဆားလုပ်ငန်း အလုပ်သမားရှားပါး**

၂၁။ **မော်လမြိုင်ခရိုင်တွင် ရွေးကောက်ပွဲအပြီး ၂၉ ရက်အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းသူ ၁၀၀ ကျော်ရှိ**

၂၂။ **မုဒုံမြို့နယ် သာယာကုန်းကျေးရွာရှိ ဘိန်းစာရွက်စိုက်ခင်းအား ဖမ်းဆီး**

၂၂။ **မုဒုံမြို့နယ် သာယာကုန်းကျေးရွာရှိ ဘိန်းစာရွက်စိုက်ခင်းအား ဖမ်းဆီး**

၂၃။ **စစ်တွေတွင် ဖမ်းဆီးခံရသည့်လူ့အခွင့်အရေးလှုပ်ရှားသူ ရခိုင်လူငယ် ၃ ဦးပြန်လွတ်မြောက်လာ**

၂၄။ **ကျောက်တော်-ပလက်ဝ ကုလားတန်မြစ်ကြောင်းကို ပြန်ဖွင့်ပေးရန် အစိုးရနှင့်တပ်မတော်ထံဒေသခံများ တင်ပြတောင်းဆို**

၂၅။ **ပျောက်ဆုံးနေသည့် တင်းမရွာသား ၁၈ ဦးအတွက် အမှုဖွင့်တိုင်ကြားချက်ကို ကျောက်တော်မြို့မရဲစခန်းမှ လက်မခံဟု မိသားစုဝင်များဆို**

၂၆။ **နမ္မတူတိုက်ပွဲ လက်နက်ကြီးကျည်ကျ ရွာသား ၄ ဦး ကျည်စထိမှန် ကိုယ်ဝန်သည်တဦးပါဝင်**

၂၇။ **ကျန်းမာရေးလိုက်နာမှုအားနည်းသောကြောင့် တောင်ကြီးတွင် ကိုဗစ် ၁၉ လူနာ ၁၁၇ ထိတိုးလာ မြို့နယ်ကျန်းမာရေးပြော**

**************************

၁။ **ကိုယ်စားလှယ်လောင်း ရွေးကောက်ပွဲအသုံးစာရင်းတင်သွင်းမှု မိုးညှင်းခရိုင်တွင် ၉၀ ရာခိုင်နှုန်းပြီးစီး**

(9 December 2020)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်တွင် ၂၀၂၀ ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းသူ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဟု သိရသည်။ မိုးညှင်းခရိုင်အတွင်း မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ် စသည့် မြို့နယ် ၃ခုရှိသည့်အနက် မိုးညှင်းမြို့နယ်တစ်ခုသာ တင်ပြီးပြီဖြစ်ကာ မိုးကောင်းနှင့်ဖားကန့်မြို့နယ်တွင် ကျန်ရှိနေသေးကြောင်း ရွေးကောက်ပွဲအရာရှိ ဦးမျိုးမင်းဦးကပြောသည်။

ရွေးကောက်ပွဲအသုံးစရိတ်တင်ရန် နောက်ဆုံးသတ်မှတ်ရက်သည် ၁၃ ရက်ဖြစ်ပြီး လက်ရှိချိန်ထိ တင်ပြီးသူ ၆၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။ မိုးညှင်းခရိုင်တွင် ၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်း ၈၉ ဦးရှိသည့်အနက် ရွေးကောက်ပွဲကျင်းပရန်အလိုတွင် UDP မှ ကိုယ်စားလှယ်လောင်း ၁၃ ဦးပြန်လည်ထွက်သွားသည့်အတွက် စုစုပေါင်း ဝင်ရောက်ယှဉ်ပြိုင်သူ ၇၆ ဦးရှိသည်။

မိုးညှင်းခရိုင်တွင် ၂၀၁၅ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့်ဦးရေ ၈၄ ဦးရှိခဲ့ပြီး ရွေးကောက်ပွဲ ငွေစာရင်း မတင်ပြနိုင်သူ မရှိခဲ့ကြောင်း ၎င်းကဆက်ပြောသည်။ ကချင်ပြည်နယ်တွင် ၂၀၂၀ပါတီစုံအထွေထွေရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီပေါင်း ၁၇ပါတီမှ ကိုယ်စားလှယ်လောင်း ၅၀၃ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

https://burmese.kachinnews.com/2020/12/09/l1-39/

******************

## ၂။ အင်ခိုင်ဘွမ်အမျိုးသားဥယျာဉ်အတွင်း မြေဧက ၄၀၀၀ ကျော်ကို CF သတ်မှတ်ပေးရန် တန်ဖရဲဒေသခံများ တောင်းဆို

(10 December 2020)

မြစ်ဆုံရေကာတာစီမံကိန်းကြောင့် အောင်မြင်သာကျေးရွာသို့ အတင်းရွှေ့ပြောင်းခံထားရသောဒေသခံများသည် ယခင်တန်ဖရဲ ကျေးရွာအနီး အင်ခိုင်ဘွမ်အမျိုးသားဥယျာဉ် ဧရိယာအတွင်းက မြေဧက ၄၀၀၀ ကျော်ကို ဒေသပြည်သူ့အစုအဖွဲ့ သစ်တော လုပ်ငန်း (CF) သတ်မှတ်ပေးရန် လျှောက်ထားသည်ဟု သိရသည်။

၂၀၁၄ ခုနှစ်ကတည်းက စတင်အကောင်ထည်ဖော်လာသော အင်ခိုင်ဘွမ် အမျိုးသား ဥယျာဉ်ကို အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ်တွင်အတည်ပြုခဲ့ပြီးနောက် အဆိုပါသတ်မှတ်ဧရိယာသို့ မြစ်ဆုံဒေသခံများလုပ်ကိုင်စားသောက်ခဲ့သော မြေနေရာအချို့ လည်း ပါဝင်သွားခဲ့သည်ဟုဆိုသည်။ မြစ်ဆုံရေကာတာစီမံကိန်းကြောင့် ရွှေ့ပြောင်းထားသည့် တန်ဖရဲဒေသခံများသည် အောင်မြင်သာကျေးရွာတွင် လုပ်ကိုင်စားသောက်ရန်ခက်ခဲသောကြောင့် လက်ရှိချိန်အထိ မူလတန်ဖရဲကျေးရွာသို့ပြန်ကာ စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်မှုများ ရှိနေသည်။

တန်ဖရဲကျေးရွာဒေသခံပြည်သူများမှာ မြစ်ဆုံစီမံကိန်းကြောင့် ရွှေ့ပြောင်းခံရသည့်အပြင် တဖက်မှာ ၎င်းတို့တောင်ယာ လုပ်ငန်းများ အဖြစ် လုပ်ကိုင်စားသောက်နေသည့် မြေဧကများမှာ အင်ခိုင်ဘွမ်အမျိုးသားဥယျာဉ် နယ်နမိတ်အဖြစ် သတ်မှတ် ထားခံရခြင်း ဖြစ်သည်။ https://burmese.kachinnews.com/2020/12/10/1-9/

*****************

## ၃။ ဗန်းမော် တစ်မြို့လုံးစာ အမှိုက်ပုံ မီးလောင်မှုကြောင့် လေထုညစ်ညမ်းမှုကို အမြန်ဖြေရှင်းပေးရန်ဒေသခံများ တောင်းဆို

(10 December 2020)

ကချင်ပြည်နယ် ဗန်းမော်မြို့ ဟန်းတဲလ်ရပ်ကွက်ရှိ အမှိုက်ပုံ နေ့စဉ် မီးလောင်နေသောကြောင့် ဘေးပတ်ဝန်းကျင်ရှိ ရပ်ကွက် များသည် လေထုညစ်ညမ်းမှုဒဏ်ကို ခံစားနေရသဖြင့် အမြန်ဖြေရှင်းပေးရန် တောင်းဆိုနေကြသည်။

အမှိုက်ပုံ မီးလောင်မှုကြောင့် ပြည်သူများ၏ ကျန်းမာရေး ထိခိုက်လာနိုင်သည့်အတွက် အမြန်ဆုံးပြောင်းရွှေ့ပေးရန် အစိုးရထံ ၂၀၁၉ ခုနှစ်တွင် စာတင်ခဲ့သော်လည်း ယနေ့ချိန်ထိ ဖြေရှင်းပေးခြင်းမရှိကြောင်း ဆင်ကုန်းရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက် က ပြောသည်။ အဆိုပါ အမှိုက်ပုံသည် ဗန်းမော်မြို့တစ်မြို့လုံး၏ စွန့်ပစ်အမှိုက်ပုံဖြစ်ပြီး တစ်ရက်လျှင် အမှိုက် ၃တန်ခန့် လာရောက်စွန့်ပစ်နေပြီး ယင်းအမှိုက်ပုံသည် ၂၀၁၄ ခုနှစ်မှစကာ စတင်လာရောက်ပစ်ခြင်းဖြစ်သည်ဟု ဗန်းမော် ဒေသခံများက ပြောသည်။

အဆိုပါ အမိုက်ပုံအားပြောင်းရွှေ့နိုင်ရန် မြေနေရာရရှိရေးအတွက် ဗန်းမော်ဒေသခံများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပေးရန် မေတ္တာရပ်ခံလိုကြောင်း စည်ပင်ဝန်ကြီးကပြောသည်။ ယင်းအမိုက်ပုံသည် လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်မှစတင်ကာ ပစ်ခဲ့သည့်အတွက်ဆို ယခုဆို ၆ နှစ်ရှိပြီဖြစ်သည်။ https://burmese.kachinnews.com/2020/12/10/1-10/

****************

## ၄။ ကွန်ပြူတာ ချို့ယွင်းချက်တစ်ချို့ကြောင့် ကန်ပိုင်တီ နယ်စပ်ဂိတ် ခေတ္တပိတ်မှု ဖြစ်ပွားခဲ့

(10 December 2020)

ယနေ့ မနက် ကန်ပိုင်တီနယ်စပ်ဂိတ် ယာယီခေတ္တပိတ်လိုက်ရခြင်းသည် တရုတ်နိုင်ငံဘက် မှ ကုန်တင်ယာဉ်များအား စာရင်းစီစစ်သည့် ကွန်ပြူတာစက်ချို့ယွင်းချက်ကြောင့်သာ ဖြစ်ကြောင်း ကန်ပိုင်တီ အုပ်ချုပ်ရေးမှူးရုံး မှ သိရသည်။

နယ်စပ်ဂိတ်ကို မြန်မာစံတော်ချိန် ၇နာရီခန့်တွင် ပုံမှန်ဖွင့်နေကြဖြစ်သော်လည်း ဒီဇင်ဘာလ ၁၀ ရက်နေ့ မနက်ပိုင်းတွင် တရုတ်နိုင်ငံဘက်မှ ဖွင့်ပေးခြင်းမရှိဘဲပိတ်ထားရခြင်းသည် စက်ပစ္စည်းအချို့ယွင်းမှုကြောင့်သာ ဖြစ်ကြောင်း ကန်ပိုင်တီအုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က ပြောသည်။

ထို့အတူ ကားသမားများအနေဖြင့်လည်း ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ လိုက်နာရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းများလည်း လိုက်နာပေးကြရန် ၎င်းကဆက်ပြောသည်။ ထို့နောက် အောက်တိုဘာလမှစကာ ကားအစီးရေအား တရုတ်ဘက်မှ အစီး ၃၀၀နှင့်မြန်မာဘက်မှ ၄၀၀ စီး ထပ်တိုးအသုံးပြုရန်သဘောတူထားသည်။

https://burmese.kachinnews.com/2020/12/10/1-11/

*****************

## ၅။ ၂၂ နှစ်အတွင်းမိုးဖြဲ ဆည်ရေ အနည်းဆုံးရေ အမှတ်သို့ရောက်ရှိ၊ နွေစပါးအတွက် လျာထားဧကရဲ့ ၄ပုံ ၁ပုံသာ ပေးနိုင်မည်

(December 9, 2020)

ကယားပြည်နယ် အတွင်းက ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံ လည်ပတ်ဖို့ နဲ့ ဆည်ရေသောက်လယ်တွေ အားထားနေရတဲ့ မိုးဖြဲဆည်ရေလှောင်တမံ ဟာ ၂၂ နှစ်အတွင်း အနည်းဆုံးရေသိုလှောင်ထားနိုင်တဲ့ ရေအမှတ်ကိုရောက်ရှိနေပါတယ်။ ဒါကြောင့် လာမယ့် မတ်လထိ လျှပ်စစ်စက်ရုံပုံမှန်လည်ပတ်နိုင်ဖို့ ရေကိုဦးစားပေးထားရတာကြောင့် ဒီနှစ်မှာ စိုက်ပျိုးနိုင်တဲ့ နွေစပါးစိုက်ပျိုးနိုင်တဲ့ လယ်ဧကတွေကို လျော့ချလျာထားတယ်လို့ ကယားပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝေလွင်ကပြောပါတယ်။

ဒါ့အပြင် ပြည်နယ်တွင်းက အကြီးဆုံးရေလှောင်တမံ ဖြစ်တဲ့ ငွေတောင်ဆည်ဟာလည်း နှစ်စဉ် နွေစပါး ဧက ၁၆၀၀ ကို ရေပေးနိုင်ပေမဲ့ အခုနှစ်မှာ ဧက ၃၀၀ ကိုပဲ ရေပေးဝေဖို့ လျာထားတယ်လို့ သိရပါတယ်။ မိုးဖြဲရေလှောင်တမံမှ နောက်နှစ်မေလအထိ လျှပ်စစ်သုံးရေကို ချိန်ဆပြီး ရေပေးဝေမှုအတွက် စိုက်ပျိုးမယ့်ဧကကို သက်ဆိုင်ရာဌာကိုတင်ပြထားသလို နွေစပါးစိုက်ပျိုးဖို့အတွက် လာမယ့်ဇန်နဝါရီလအတွင်း ရေပေးဝေမှုဆောင်ရွက်တော့မှာဖြစ်တယ်လို့ ဦးဝေလွင်ကဆက်ပြောပါတယ်။

ကယားပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဌာနမှ ထိန်းသိမ်းထားတဲ့ ဆည်မြောင်းရေလှောင်တမံ (၃၂)ခုရှိကာ ရေပေးဝေတဲ့ကေပေါင်း ၅သိန်းနီးပါးရှိတယ်လို့ သိရပါတယ်။ https://www.kantarawaddytimes.org/

***************

## ၆။ ကိုဗစ်ကာလ ဖားဆောင်းမြို့ ဆိပ်ကမ်းရှိ စက်လှေသမားတွေ ကုန်တွေကို အကြိမ်ရေလျော့ချသယ်ဆောင်ရ

(December 9, 2020)

ကယားပြည်နယ်၊ ဖားဆောင်းမြို့မှာရှိတဲ့ သံလွင်မြစ်က ဆိပ်ကမ်းတွေမှာဆိုရင် စက်လှေသမားတွေက ကုန်ပစ္စည်းကို အကြိမ်ရေ လျော့ချပြီးပို့ဆောင်နေရတယ်လို့ သိရပါတယ်။ ကိုဗစ်ကာလမတိုင်ခင်မှာဆိုရင် တစ်ပတ်လျှင်တစ်ကြိမ်နှုန်းဖြင့် တစ်လမှာ လေးကြိမ် ကုန်တွေကို သယ်ယူပို့ဆောင်နေကြတာဖြစ်ပါတယ်။ အခုကိုဗစ်ကာလမှတော့ နှစ်ပတ်တစ်ကြိမ်နှုန်းနဲ့ တစ်လမှာ နှစ်ကြိမ်သာ ကုန်ပစ္စည်းတွေကိုပို့ဆောင်ကြရပါတ်။

စက်လှေတစ်စီးကို ကုန်ပစ္စည်းတန်ချိန် ငါးတန်လောက်တင်ကြပြီး အများစုက စားသုံးကုန်ပစ္စည်းတွေကို တင်ဆောင်ကြတာဖြစ်ပါတယ်။ အခုလို စက်လှေဆွဲတာ အကြိမ်ရေနည်းသွားတဲ့အတွက်လည်း ဆိပ်ကမ်းနားမှာ ဈေးဆိုင်ဖွင့်နေတဲ့ သူတွေလည်း အခက်အခဲတွေရှိနေကြပါတယ်။

ဖားဆောင်းဆိပ်ကမ်းကနေ ကရင်ပြည်နယ် ထီးထာရွာကိုရောက်ဖို့ဆိုရင် စက်လှေနဲ့ သုံးနာရီကြာတယ်လို့ သိရပါတယ်။ အဲ့ဒီထီးထာရွာကိုရောက်ဖို့ဆိုရင် ဂိတ်ခြောက်ဂိတ်ကို ဖြတ်ရပြီး တစ်ဂိတ်ကို အခွန်တစ်သောင်း ပေးရတယ်လို့လည်းသိရပါတယ်။ ဒီကုန်တွေကို ပို့ဆောင်ဖို့အတွက်က လမ်းတွေမရှိတဲ့အတွက် အခုလိုစက်လှေတွေနဲ့ ကုန်တွေကိုပို့ဆောင်ကြတာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမကောင်းသေးတဲ့ ဝမ်အောင်းရွာနဲ့ ထီးထာရွာဒေသခံတွေအတွက်ကတော့ အဓိက ရေလမ်းကြောင်းကို အသုံးပြုနေကြတာဖြစ်ပါတယ်။ https://www.kantarawaddytimes.org/

********************

## ၇။ လွိုင်ကော်မြို့တွင် ပိုးတွေ့လူနာ ၆ဦးထပ်မံတွေ့ရှိ၊ စုစုပေါင်း ၅၃ ဦးရှိလာ

(December 10, 2020)

ကယားပြည်နယ် လွိုင်ကော်မြို့တွင် အသွားအလာကန့်သတ်ခံရသူများနှင့် ယာဉ်မောင်း ယာဉ်နောက်လိုက်များကို COVID-19 Antigen Rapid Diagnostic Test (RDT) ဖြင့် စစ်ဆေးရာ ပိုးတွေ့သူ ၆ ဦးရှိကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားသည်။

Community Based Facility Quarantine များဖြစ်သည့် လွိုင်ကော်မြို့ ပညာရေးကောလိပ်မှ ၄ဦး နှင့် လွိုင်ကော်တက္ကသိုလ်မှ ၁ဦး၊ ယာယီ ကုန်တင်ယာဉ်ရပ်နားစခန်း(သစ်ဆိပ်)မှ ယာဉ်မောင်းတစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပိုးတွေ့သူများမှာ အမျိုးသား၄ ဦးနှင့် အမျိုးသမီး ၂ဦးတို့ဖြစ်ပြီး အသက်အရွယ်အားဖြင့် ၂၃နှစ်၊ ၇၃နှစ်၊ ၂နှစ်ခွဲ၊ ၇၂နှစ်၊ ၄၂နှစ်၊ ၂၄နှစ်အရွယ်ရှိကြီး ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

CBFQ တွင် ပိုးတွေ့သူများနှင့် ထိစပ်သူများကို Home Quarantine သော်လည်းကောင်း၊ ယာဉ်မောင်း နှင့်ထိတွေ့ခဲ့သူတစ်ဦးကိုလည်း လွိုင်ကော် နတလသင်တန်းကျောင်းတွင် အသွားအလာကန့်သတ်ထားရှိမည်ဖြစ်ပြီး ဇော်ခွဲန

မူနာရယူစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်ထိ ကယားပြည်နယ်တွင် ကိုဗစ်ပိုးတွေ့ရှိသူ ၅၃၃ ဦးထိရှိပြီး ပိုးပျောက်ကင်း၍ ဆေးရုံဆင်းသူ ၂၂၃ ဦးရှိပြီဖြစ်သည်။ https://www.kantarawaddytimes.org/

***************

## ၈။ မြန်မာ့ ငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ် ဆန်းစစ်လေ့လာထားသည့် စာစောင်များမိတ်ဆက်

(December 11, 2020)

၂၀၂၀ခုနှစ်အတွင်း ထွက်ရှိခဲ့သော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဆန်းစစ်လေ့လာထားသည့် စာစောင်များ မိတ်ဆက်ခြင်းအစီအစဉ်ကို နိုင်ငံတကာ မြန်မာ့သတင်း (BNI) ၏ မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာရေး စီမံကိန်း(MPM) က ဦးဆောင်၍ ယနေ့ (ဒီဇင်ဘာလ ၁၁ရက်)တွင် အွန်လိုင်းစကားဝိုင်းတစ်ခုဖြင့် ပြုလုပ်ခဲ့သည်။

အဆိုပါ လေ့လာဆန်းစစ်မှု စာစောင်များအရ အစိုးရ ၊ တပ်မတော် နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ လိုက်ပါဖြစ်ပေါ်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်၏ အကျိုးအပြစ်များ၊ ရခိုင်နှင့် ချင်းပြည်နယ်အတွင်းဖြစ်ပွားသည့် စစ်ရေးပဋိပက္ခများ၊ ကချင်ပြည်နယ်၏ တကျော့ပြန်စစ်ပွဲ အခြေအနေနှင့် ရှမ်းပြည်နယ်အတွင်း စစ်ရေးငြိမ်းချမ်းရေး အခြေအနေများကို လေ့လာဆန်းစစ်ထားသည့် စာစောင်များဖြစ်သည်။

ယနေ့ ပြုလုပ်သည့် စာစောင်မိတ်ဆက်ပွဲအစီအစဉ်အရ ထွက်ရှိခဲ့သော စာစောင်များနှင့်ပတ်သက်ပြီး သက် ဆိုင်ရာစီစဉ်ဦး ဆောင်သူမှ အကျဉ်းချုံး ဆွေးနွေးပြခဲ့ပြီးနောက် ဒေသအလိုက် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အခြေအနေများကို ကရင်၊ ရှမ်း၊ ချင်း၊ ကချင် နှင့် ရခိုင်ပြည်နယ် နိုင်ငံရေးပါတီ၊ အရပ်ဖက်၊ ပညာရှင် (၅)ဦး ပါဝင်သည့် ဆွေးနွေးဝိုင်းလည်း ပါဝင်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲအတွက် ကရင်ပြည်နယ်မှ စောကျော်စွာ (Steering Committee Member – Karen Peace Support Network) ၊ ကချင်ပြည်နယ်မှ Dr. Hkalen Tu Hkawng (Independent Researcher) ၊ ချင်းပြည်နယ်မှ ချယ်ရီဇာဟောင် (ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုကော်မတီဝင်)၊ ရခိုင်ကိုယ်စားလှယ်အဖြစ် ၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ထုမေနှင့် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာ) တွဲဖက်အထွေထွေရေးမှူး(၂) ဖြစ်သူ လွေပိုးငယ်တို့မှ အဓိက ပါဝင် ဆွေးနွေးခဲ့ကြသည်။ http://kicnews.org/2020/12/%E1%80%BB

***************

## ၉။ KNU နှင့် တပ်မတော်တို့ စစ်ရေးတင်းမာမှုများကြောင့် မဲပိုင်ဒေသခံရာချီ တိမ်းရှောင်နေရ

(December 11, 2020)

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် –KNLA တပ်ဖွဲ့ဝင် များနှင့်မြန်မာ့ တပ်မတော်တပ်ဖွဲ့ဝင်များအကြား နှစ်ဖက်စစ်ရေးတင်းမာမှုများကြောင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်အတွင်းရှိ မဲပိုင်ရွာသား ရာနှင့်ချီပြီး ဘီးလင်းဘက်သို့ တိမ်းရှောင်မှုများဖြစ်ပေါ်နေကြောင်း သိရ သည်။

တပ်စခန်းဆုတ်ပေးရေးနှင့်ပတ်သက်၍ နှစ်ဖက်တင်းမာမှုများကြောင့် ရှောင်ပြေးနေရသည့် မဲပိုင်ဒေသခံရွာသား သုံးပုံနှစ်ပုံ ခန့်ရှိကာ အရေအတွက်အားဖြင့်ရာဂဏန်းနှင့်ချီရှိနေပြီး ၎င်းတို့အနေဖြင့်ပြီးခဲ့သည့် ၄ ရက်ခန့်မှစတင် ကာ ဘီလင်းမြို့နှင့်

အချို့မှာ ဘေးလွတ်နိုင်သည့် အနီးအနားကျေးရွာများရှိ ဆွေမျိုးအိမ်များသို့ ပြောင်း ရွှေ့ခိုလှုံနေရသည်ဟု ဒေသခံက ပြောသည်။

တပ်စခန်းရုပ်သိမ်းရေးနှင့်ပတ်သက်ပြီး အစပြုခဲ့သည့် နှစ်ဖက်အဆင်မပြေမှုများကြောင့် ဒီဇင်ဘာလ ၁ ရက်နေ့ က ဒွယ်လိုးမြို့နယ်အတွင်းရှိ ဝါသိုလောနှင့် ထီးကေလောကျေးရွာအနီးတဝိုက် KNU တပ်မဟာ ၅ လက် အောက်ခံ KNLA တပ်ရင်း ၁၀၂ နှင့် မြန်မာ့တပ်မတော် ခမရ ၃၃၉ တပ်ဖွဲ့ဝင်တို့ ပစ်ခတ်မှုဖြစ်ပွားခဲ့သေးသည်။ http://kicnews.org/2020/12/knu

*******************

## ၁၀။ နှမ်းသီးနှံပေါ်ချိန် ယခင်နှစ်ထက် ဈေးနှုန်း ၂၀,၀၀၀ ကျော်အထိ ကျဆင်းလာ

(December 11, 2020)

ယခုလ နှမ်းသီးနှံပေါ်သည့် ရာသီကာလတွင် နှမ်း ၁ တင်းကို ယခင်နှစ်ထက် ဈေးနှုန်း ၂၀,၀၀၀ ကျော်အထိ ဈေးနှုန်းကျဆင်းသွားသည်ဟု နှမ်းဝယ်ရောင်းသမားများထံမှ သိရသည်။ ဒီဇင်ဘာလ ပထမအပတ်မှစပြီး တောင်သူအများစုမှာ တောင်ယာနှမ်းနှင့် လယ်ယာနှမ်းများကို စတင်ရိပ်သိမ်းသည့်ကာလဖြစ်ပြီး နှမ်းသီးနှံထွက်ချိန် ဈေးနှုန်းကျဆင်းသွားသည့်အတွက် တွက်ခြေမကိုက်ကြဟု ကြာအင်းဆိပ်ကြီးမြို့နယ် နှမ်းစိုက်တောင်သူ ဦးအောင်လိက ဒီဇင်ဘာ ၁၀ရက်နေ့တွင် ကေအိုင်စီသို့ ပြောသည်။

ယခင်နှစ် လယ်နှမ်း(စမုံကြီး) ၁ တင်းကို ၇၈,၀၀၀ ကျပ်မှ ယခု ၅၅,၀၀၀ ကျပ်၊ တောင်ယာနှမ်းအမဲ ၁ တင်းကို ၇၈,၀၀၀ ကျပ်မှ ၆၅,၀၀၀ ကျပ်၊ ခြောက်လုံးပတ်နှမ်းခေါ်သည့် ညို၊ နီ၊ ကျားအမျိုးအစားများတွင် ယခင် ၆၆,၀၀၀ ကျပ်မှ ၄၃,၀၀၀ ဝန်းကျင်သာ ဈေးနှုန်းရှိပြီး နှမ်းအမျိုးအစားအလိုက် ဈေးနှုန်း နှစ်သောင်းနီးပါးအထိ ကျဆင်းသွားကြောင်း နှမ်းအဝယ်ဒိုင်များက ပြောသည်။

ထိုင်း၊ တရုတ်၊ ကိုရီးယား၊ စင်္ကာပူနိုင်ငံနှင့် အာဖရိကနိုင်ငံများတွင်လည်း မြန်မာနှမ်းသီးနှံများကို တိုက်ရိုက်သော်လည်းကောင်း တစ်ဆင့်ဈေးကွက်ဖြင့်သော်လည်းကောင်း အသီးသီးဝယ်ယူကြပြီး စားသုံးကုန်လုပ်ငန်းများတွင် အသုံးပြုကြသည်ဟု နှမ်းရောင်းဝယ်သူများထံမှ သိရသည်။ http://kicnews.org/2020/12/

*****************

## ၁၁။ ကိုဗစ်ကာလအတွင်း မြန်မာပြည်တောင်ပိုင်းရှိ တိုင်းရင်းသားများ လူ့အခွင့်အရေးချိုးဖောက်ခံနေရဆဲဟု KHRG ပြော

(December 10, 2020)

မြန်မာပြည်တောင်ပိုင်းရှိ ဒေသခံတိုင်းရင်းသားများသည် ကိုဗစ်ကပ်ရောဂါ နှင့်ဆက်စပ်၍ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည့်အပြင် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကိုပါ ကြုံတွေ့နေရဆဲဖြစ်သည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) က ယနေ့ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ထုတ်ပြန်ချက်ထုတ်ကာ ပြောဆိုလိုက်သည်။

ဒေသခံ တိုင်းရင်းသားများအနေဖြင့် ပဋိပက္ခကာလကို ကြာမြင့်စွာ ရင်ဆိုင်ခဲ့ရသည့်အပြင် လက်ရှိ ကိုဗစ်ကာ လတွင်လည်း ၎င်းတို့၏ အသက်ရှင်နေထိုင်ခွင့်နှင့် လွတ်လပ်စွာသွားလာခွင့်နှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုတို့ အတွက် လျစ်လျူရှုခံထားရကြောင်း KHRG က ဆိုသည်။ ထို့အပြင် မြန်မာ့ တပ်မတော်၏ လက်ရှိ ကာလအတွင်း အပစ်ရပ်လက်မှတ်စာချုပ်ပါကတိကဝတ်များကို

ချိုးဖောက်ပြီး နယ်မြေချဲ့ထွင်လှုပ်ရှားမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဒေသ ခံပြည်သူများ၏ လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုကို ဆက်လက်ဖြစ်ပေါ်စေလျက်ရှိကြောင်းလည်း စောနန္ဒဆူး က ဆက်ပြောသည်။

အပစ်ရပ်ကာလကို အခွင့်ကောင်းယူပြီး ၎င်းတို့ နယ်မြေထဲတွင် တပ်အင်အားနှင့် တပ်စခန်းသစ် တိုးချဲ့ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း KNU ဘက်မှ ထုတ်ပြန်ပြောဆိုခဲ့ဖူးသလို NCA ပါ သဘောတူညီချက်များကို လိုက်နာအကောင်အထည်ဖော်နိုင်ခြင်းမရှိဘဲ ကျေးရွာဒေသများတွင် တပ်မတော်တပ်စခန်း သစ်များအခိုင်အမာ တိုးချဲ့တည်ဆောက်မှုများရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းပေးရေး တောင်းဆိုချက်ပါ သဘောထားထုတ်ပြန်ချက်ကိုလည်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA က ယခုလ ဒီဇင် ဘာလ ၁ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သေးသည်။ http://kicnews.org/2020/12/

****************

## ၁၂။ မြိုင်ကြီးငူစစ်ရှောင်များ စားနပ်ရိက္ခာ အရေးပေါ်လိုအပ်နေ၊ ထောက်ပံ့ပေးရန်စီစဉ်နေဟု ပြည်နယ်ဝန်ကြီးပြော

(December 10, 2020)

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ မြိုင်ကြီးငူစစ်ဘေးရှောင်စခန်း၌ လက်ရှိတွင် စားနပ်ရိက္ခာ ပြတ်လပ်သဖြင့် အရေးပေါ်လိုအပ်နေကြောင်း စခန်းတွင်းနေထိုင်သူများက ကေအိုင်စီသို့ ယနေ့(ဒီဇင်ဘာ ၁၀ ရက်)တွင် ပြောသည်။

လက်ရှိကြုံတွေ့ရသည့် စားနပ်ရိက္ခာပြဿနာများကို ဖြေရှင်းပေးနိုင်ပါရန် လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ် ချုပ်ရေး ဦးစီးဌာနထံ နိုဝင်ဘာလ၌ တင်ပြထားသော်လည်း အကြောင်းပြန်ကြားခြင်း မရှိသေးပါကြောင်း စခန်းဥက္ကဋ္ဌ စောထွန်းက ပြောသည်။ ယခု ကိစ္စနှင့်ပတ်သက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်အား ကေအိုင်စီမှ ဆက်သွယ်မေးမြန်းခဲ့ရာ စစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာအဆင်ပြေစေရန် လိုအပ်လျှင် လိုအပ်သလို ပံ့ပိုးဆောင်ရွက်ပေးမည်ဟု ပြောသည်။

၂၀၁၆ ခုနှစ်တွင် လှိုင်းဘွဲ့မြို့နယ်၊ မဲသဝေါဒေသ၌ အစိုးရတပ်မတော်၊ ကရင်ပြည် နယ်ခြားစောင့်တပ် (BGF) ပူး ပေါင်းတပ်နှင့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်-DKBA (ခွဲထွက်အဖွဲ့)တို့ကြား ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံရွာသားများမှ စစ်ဘေးရှောင်ခိုလှုံရန် မြိုင်ကြီးငူဒေသသို့ ရောက်ရှိလာခဲ့ပြီး လက်ရှိအချိန်အထိနေရပ်သို့ မပြန်နိုင်ကြသေးသူများဖြစ်ကြသည်။ သူတို့သည် အလှူရှင်များ၏ ထောက်ပံ့မှုကိုသာ အဓိက မှီခိုနေကြရသည်ဟု သိရသည်။

http://kicnews.org/2020/12/

****************

## ၁၃။ အမျိုးသားရေးနှင့် နိုင်ငံရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ကရင်၊ မွန်၊ ရှမ်း၊ ပအိုဝ်းလူငယ်များ လုပ်ငန်းစဉ်ချမည်

(December 9, 2020)

အမျိုးသားရေးကဏ္ဍများနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူငယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်လာနိုင်အောင် လုပ်ငန်းစဉ်ချမှတ်သွားမည်ဟု ဒီဇင်ဘာ ၈ ရက်နေ့က KNU -ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် ဝင်းရေးမြို့ နယ်(ကြာအင်းဆိပ်ကြီးမြို့နယ်)ရုံး ခန်းမဆောင်၌ ပြုလုပ်သည့် လူငယ်နှီးနှောဖလှယ်ပွဲတွင် လူငယ်ကိုယ်စားလှယ်များက ပြောဆိုသည်။

KNU ဒုးပလာယာခရိုင်အဆင့် ပထမဦးဆုံးအကြိမ် ပြုလုပ်သည့် လူငယ်နှီးနှောဖလှယ်ပွဲတွင် တက်ရောက်လာသည့် မွန်၊ ကရင်၊ ရှမ်း၊ ပအိုဝ်းလူငယ်ကိုယ်စားလှယ်များမှ မိမိတို့တိုင်းရင်းသားလူငယ်အချင်းချင်း နိုင်ငံရေးနှင့် အမျိုးသားရေးအခန်းကဏ္ဍများတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ သမိုင်းအကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးကြပြီး ရှေ့ဆက်လုပ်ငန်းစဉ်များကိုလည်း ချမှတ်သွားမည်ဟု ဦးဆောင်သူလူငယ်များက ကေအိုင်စီသို့ပြောသည်။

ယခု နှီးနှောဖလှယ်ပွဲ၌ ကရင်၊ မွန်၊ ရှမ်းနှင့် ပအိုဝ်းလူငယ်များက ၎င်းတို့ ရေးဆွဲထားသည့် သဘောထားအခြေခံ လုပ်ငန်းစဉ်များကို လာမည့် မတ်လတွင် ဆုံးဖြတ်ချက်ချမှတ်သွားမည်ဟု ဦးဆောင်သူတိုင်းရင်းသား လူငယ်ကိုယ်စားလှယ်များမှ ပြောဆိုသည်။ http://kicnews.org/2020/12/

******************

## ၁၄။ ရေမည်းပြဿနာ ဖြေရှင်းပေးရေး နိုင်ငံတော်အတိုင်ပင်ခံနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ထံ Goldman ဆုရှင် အိတ်ဖွင့်ပေးစာ ပေးပို့တောင်းဆို

(December 11, 2020)

ကရင်ပြည်နယ်၊ ဖားအံမြို့တစ်ဖက်ကမ်းရှိ မြိုင်ကလေး ဒေသတွင်ဖြစ်ပေါ်နေသော သောက်သုံးရေ အရည်အသွေးကျဆင်းပြီး ရေမည်းနေသည့်ပြဿနာကို ဖြေရှင်းပေးရန် မကြာသေးမီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ Goldman ဆုရရှိခဲ့သူ စောပေါလ်စိန်ထွားက ယမန်နေ့ (ဒီဇင်ဘာလ ၁၀) ရက်စွဲဖြင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်ထံသို့ အိတ်ဖွင့် ပေးစာပေးပို့တောင်းဆိုလိုက်သည်။

လူ့အခွင့်အရေးအရ အရေးပါသည့်လူသားတို့၏ အသက်ရှင်သန်ရေးပေါ်တွင် တိုက်ရိုက်ဆက်နွယ်နေသည့် အဆိုပါ ရေအရည်အသွေးကျဆင်းမှုပြဿနာကို အလျင်အမြန်ကုစားနိုင်ရန် ယမန်နေ့က ကျရောက်သည့် နိုင်ငံတကာ လူ့အခွင့်အရေးနေ့ကို ရည်စူး၍ ပေးပို့ခဲ့ခြင်းဖြစ်သည်ဟု ၂၀၂၀ ခုနှစ် Goldman ဆုရှင် စောပေါလ်စိန်ထွားက ပြောသည်။

အဆိုပါရေမည်းလာသည့်ကိစ္စသည် မြိုင်ကလေး ဘိလပ်မြေစက်ရုံမှ ကျောက်မီးသွေး သိုလှောင်ထားရှိမှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း အရပ်ဖက်အဖွဲ့အစည်းများမှ ထုတ်ဖော်ပြောဆိုသော်လည်း ပြည်နယ်အစိုးရမှ မိုးရာသီ မုတ်သုန်ဆုတ်ခွာမှု အချိန်စောသဖြင့် ရေနည်းသွားပြီး အရွက်ဖတ်ပုပ်များနှင့် အနည်အမှုန်များပါဝင်နေမှုကြောင့် သဘာဝဖြစ်စဉ်အတိုင်းသာ ဖြစ်နိုင်ကြောင်း ပြန်လည်ပြောဆိုထားသည်။ http://kicnews.org/2020/12

****************

## ၁၅။ ချင်းအက်ဥပဒေ ပြင်ဆင်ရေး ကြိုးပမ်းမည်ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နီရွှေလျန်ပြော

(DECEMBER 11, 2020)

ချင်းအမျိုးသမီးများအား ခွဲခြားဆက်ဆံမှုနှင့် နစ်နာမှုရှိစေသည်ဆိုသော ချင်းဝိသေသတိုင်းအက်ဥပဒေ (Chin Act) ကို လွှတ်တော်တွင်းကနေ ပြင်ဆင်နိုင်ရန်ကြိုးပမ်းသွားမည်ဟု ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ထန်လတန်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်မြေအမှတ် (၂) မှ ရွေးချယ်ခံရသည့် ဒေါ်နီရွှေလျန်ကပြောသည်။

သူသည် ချင်းပြည်နယ်၏ ပထမဦးဆုံးသော ချင်းအမျိုးသမီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာမည်ဖြစ်သည်။ ချင်းပြည်နယ်တွင် ယခင်နှင့် ယခုလွှတ်တော်သက်တမ်း (၁၀) နှစ်စလုံးတွင် ချင်းအမျိုးသမီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်မျှမရှိခဲ့ပဲ ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်လွှတ်တော်မှာ အမျိုးသမီးတစ်ဦးပါလာသည့် အပေါ်ဝမ်းသာကြိုဆိုကြောင်း ချင်းအက်ပြင်ဆင်ရေးပိုင်းတွင်လည်းအထောက်အကူဖြစ်လာမည်ဟုယုံကြည်ကြောင်း Ninu ခေါ် ချင်းအမျိုးသမီးအဖွဲ့ဒါရိုက်တာ Mai Len Nei Cer ကပြောသည်။

ချင်းဝိဇ်သသတိုင်း(ပြင်ဆင်ချက်) အက်ဥပဒေပါ ပုဒ်မ -၁၅ (က) တွင် အမွေဆက်ခံခြင်းနှင့်ပတ်သက်၍ အမျိုးသမီးများအား အမွေဆက်ခံပိုင်ခွင့်ပေးမထားသည်ကိုတွေ့ရှိရသည်။ https://khonumthung.org/?p=9569

******************

## ၁၆။ ပညာရေးကဏ္ဍကို အဓိကဦးစားပေးဆောင်ရွက်မည်ဟု ချင်းအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များဆို

(DECEMBER 10, 2020)

လာမည့်အစိုးရသစ် ၅ နှစ်တာသက်တမ်းကာလတွင် ချင်းပြည်နယ်၏ ပညာရေးကဏ္ဍကို အဓိကဦးစားပေးဆောင်ရွက်သွားမည်ကြမည်ဟု ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံခဲ့ကြသည့် ချင်းအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကပြောဆိုကြသည်။

ဟားခါးမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည့် တက္ကသိုလ်ပါမောက္ခဟောင်း ဒေါက်တာ အေးအေးငွန်က လာမည့်လွှတ်တော်သက်တမ်းကာလမှာ ချင်းပြည်နယ်၏ ပညာရေးကဏ္ဍကို အဓိက ဦးစားပေးဆောင်ရွက်သွားမည်ဟု ပြောသည်။ အလားတူ ထန်တလန်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်မြေအမှတ် (၂) မှ ရွေးချယ်ခံရသည့် ဒေါ်နီရွှေလျန်ကလည်း လာမည့် လွှတ်တော် ၅ နှစ်တာသက်တမ်းတွင် ပညာရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်သွားမည်ဟု ပြောဆိုပါသည်။

နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် ချင်းပြည်နယ်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၃ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယင်းအနက် အမျိုးသမီး ၄ ဦးအနိုင်ရရှိခဲ့ကြသည်။ အဆိုပါ ၄ ဦးအနက် ၃ ဦးမှာ လက်ရှိလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြပြီး ပြန်လည် ရွေးချယ်ခံရသူများဖြစ်သည်။

https://khonumthung.org/?p=9565

******************

## ၁၇။ လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် ပလက်ဝမြို့နယ်မှ လွှတ်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအသုံး စရိတ်တင်သွင်းရန် အခက်အခဲဖြစ်နေ

(DECEMBER 11, 2020)

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ချင်းပြည်နယ်အတွင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အများစုသည် ရွေးကောက်ပွဲကာလအသုံးစရိတ်တင်သွင်းခဲ့ကြပြီးဖြစ်သော်လည်း ပလက်ဝမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်

လောင်းအချို့မှာ လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် ကုန်ကျစရိတ်တင်သွင်းရန် အခက်အခဲရှိနေကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ထံမှသိရသည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကာလအတွင်း သိန်း ၁၀၀ ထိ အသုံးပြုခွင့်ပေးထားပြီး၊ ထိုအသုံးစရိတ်များကို ရွေးကောက်ပွဲကျင်းပသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း (ဒီဇင်ဘာလ ၈ ရက်) နေ့အထိ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်များထံ တင်သွင်းရမည်ဖြစ်သည်။

ရွေးကောက်ပွဲကုန်ကျစရိတ်များကို တင်သွင်းခြင်းမရှိပါက သက်ဆိုင်ရာရွေးကောက်ပွဲနည်းဥပဒေ ၈၄ အရ အရည်အချင်းပျက်ယွင်းသူအဖြစ်ကြေညာခံရမည်ဖြစ်ပြီး ထို့ကြောင့် ချင်းပြည်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ၎င်းတို့အသုံးစရိတ်အား မဖြစ်မနေလာရောက်တင်သွင်းကြရန် နှိုးဆော်မှုများ လုပ်ဆောင်ခဲ့ကြောင်း ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးလင်းကျော်မှပြောသည်။ https://khonumthung.org/?p=9567

*****************

## ၁၈။ သီမြစ်-မြစ်ရေတင်စီမံကိန်း မပြီးစီးနိုင်သည့်ကိစ္စ အစိုးရမှပြတ်ပြတ်သားသားဆောင်ရွက်ရန်လိုအပ်ဟု ဦးအောင်လျန်းပြော

(DECEMBER 10, 2020)

ချင်းပြည်နယ်၏ မြို့တော် ဟားခါးမြို့ရေပေးဝေရေးအတွက် တည်ဆောက်ထားသည့် သီမြစ်-မြစ်ရေတင်စီမံကိန်းသည် ယနေ့ချိန်ထိ ရာနှုန်းပြည့်မပြီးနိုင်ကိစ္စအပေါ် အစိုးရအနေဖြင့် ပြတ်ပြတ်သားသားကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD) ပါတီမှ မတူပီမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လျန်းက ပြောသည်။

အဆိုပါ မြို့တွင်းရေဖြန့်ဝေသည့်လုပ်ငန်းကို တာဝန်ယူခဲ့သည့်ကုမ္ပဏီအနေဖြင့် စာချုပ်သက်တမ်း သုံးကြိမ်ထိ သက်တမ်းကျော်လွန်သည့်တိုင် မဖြေရှင်းသည့်အပေါ် အစိုးရအနေဖြင့် ယခုသက်တမ်းမကုန်ခင်တွင် ဆောင်ရွက်ရန် ပြီးခဲ့သည့် ဒီဇင်ဘာလ ၃ ရက်နှင့် ၄ ရက်နေ့က ကျင်းပခဲ့သည့် ချင်းပြည်နယ်လွှတ်တော်တွင် ပလက်ဝမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပြေမင်းကအဆိုတင်သွင်းခဲ့သည်။ ဝန်ကြီးချုပ်မှ သီမြစ်-မြစ်ရေတင်စီမံကိန်းကိစ္စ အပြီးသတ်ဆောင်ရွက်ရန်မှာ လက်ရှိသက်တမ်းတွင် မဖြစ်နိုင်တော့သဖြင့် အချိန်မလောက်ခြင်းကို ကိုယ်ချင်းစာပြီးနားလည်ပေးရန် လွှတ်တော်တွင် တောင်းဆိုခဲ့သော်လည်း မဲခွဲဆုံးဖြတ်ရာ ဦးပြေမင်း၏အဆိုအောင်မြင်ခဲ့သည်။

သီမြစ်-မြစ်ရေတင်စီမံကိန်းမှာ ယခင်အစိုးရလက်ထက်ဖြစ်သည့် ၂၀၁၄ ခုနှစ်မှစတင်ကာ အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းအားလုံးအတွက် စုစုပေါင်း ငွေကျပ် ၁၃ ဘီလီယမ်ဝန်းကျင်အသုံးပြု တည်ဆောက်ခဲ့သော်လည်း လက်ရှိအချိန်ထိ ပြည်သူလူထုထံ ပြည့်ပြည့်ဝဝ ရေမရရှိသေးကြောင်းသိရသည်။ https://khonumthung.org/?p=9562

*****************

## ၁၉။ လက်သန်းနိုင်ငံရေးအပေါ် ယုံကြည်မှုကင်းမဲ့လာပြီး လက်ညှိုးတော်လှန်ရေးဘက်သို့ လူငယ်များအားသန်လာမည်ကို စိုးရိမ်မိကြောင်း မွန်ပြည်သစ်ပါတီခေါင်းဆောင်တစ်ဦးပြောကြား

(ဒီဇင်ဘာ ၁၁ ၂၀၂၀)

ရွေးကောက်ပွဲကျင်းပသော်လည်း ပြည်တွင်းငြိမ်းချမ်းရေးကို ဆက်လက်ဖော်ဆောင်နိုင်ခြင်းမရှိပါက လွှတ်တော်တွင်း လက်သန်းနိုင်ငံရေးအပေါ် ယုံကြည်မှုကင်းမဲ့လာပြီး လက်နက်ကိုင်လမ်းစဉ်ဖြစ်သော လက်ညှိုးတော်လှန်ရေးဘက်သို့ လူငယ်များ အားသန်လာမည်ကို စိုးရိမ်မိကြောင်း မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြည်တွင်းရေးရာဌာနတာဝန်ခံ နိုင်ဗညားလယ်က ပြောသည်။

သို့ရာတွင် အမျိုးသားညီညွတ်ရေးအစိုးရကို ဦးဆောင်ဖွဲ့စည်းသွားမည်ဆိုသည့် ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ၏ သဘောထားကြီးမှုနှင့် တိုင်းရင်းသားပါတီများအား လက်တွဲဖော်ဆောင်နိုင်မှုအပေါ် မူတည် နေကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရတွင် သက်ဆိုင်ရာ တိုင်းရင်းသားကိုယ်စားလှယ်များထည့်သွင်းခြင်းအားဖြင့် ငြိမ်းချမ်းရေးအပေါ် ပိုမိုသက်ရောက်မှုရှိလာပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ပိုမိုထိရောက်အောင်မြင် လာမည်ဖြစ်ကြောင်း နိုင်ဗညားလယ်က ယူဆသည်။

ထို့အတူ လက်ရှိ ကိုဗစ် ၁၉ ကူးစက်ရောဂါကြောင့် တစ်နိုင်ငံလုံးလူမှုအထွေထွေအကျပ်အတည်းများ ရင်ဆိုင်နေရချိန်တွင် တင်းမာနေသောလက်နက်ကိုင် ပဋိပက္ခများကို အမြန်ဆုံးရပ်တန့်နိုင်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအကြား အမြန်ဆုံးတွေ့ဆုံညှိနှိုင်း အဖြေရှာကြရန် အလေးအနက်ပန်ကြားသည်ဟု ကျောင်းသားတပ်မတော် ဗဟိုကော်မတီက တိုက်တွန်းခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ကျောင်းသားတပ်မတော် ABSDF) ဗဟိုကော်မတီက ၂၀၂၀ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ http://burmese.monnews.org/2020/12/11

*******************

## ၂၀။ အသွားအလာကန့်သတ်ထားချိန်တွင် မွန်ပြည်နယ်ဆားလုပ်ငန်း အလုပ်သမားရှားပါး

(ဒီဇင်ဘာ ၁၀-၂၀၂၀)

လက်ရှိကိုဗစ်ကာလ အသွားအလာကန့်သတ်ထားချိန်တွင် မွန်ပြည်နယ် ဆားကွင်းလုပ်ငန်းအများစုရှိသည့် သံဖြူဇရပ်မြို့နယ်၌ အလုပ်သမားရှားပါးမှုနှင့်ရင်ဆိုင်နေရပြီး လုပ်ငန်းအချို့ရပ်ဆိုင်းထားရသည်ဟု သတင်းရရှိသည်။

နေလှမ်းဆားဖိုတစ်ခုတွင် ပျမ်းမျှအားဖြင့်ဆားလုပ်သား ၁၅ ဦးမှ ၂၀ ဦးအထိ လိုအပ်နေပြီး နေ့စားလုပ်သားတစ်ဦးလျှင် တစ်ရက်ကျပ် ၆၀၀၀ နှုန်း၊ လစာလုပ်သားတစ်ဦး ကျပ် ၂ သိန်းဝန်းကျင် အထိဈေးနှုန်းပေါက်နေကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ နိုင်ဘရိန်းက ဆိုသည်။ လတ်တလောမွန်ပြည်နယ်သို့ ဝင်ရောက်လာမည့် ခရီးသွားများ အနေ ဖြင့် စစ်တောင်းတံတားဂိတ်အဝင်တွင် ဆေးစစ်ချက်ခံယူရခြင်း၊ ခရီးသွားထောက်ခံချက်ပြသရခြင်းနှင့် ရက်(၂၀) အသွားအလာ ကန့်သတ်နေထိုင်ရန် ငွေ ၅ သောင်းကျပ်ပေးသွင်းရမည်ဖြစ်ကြောင်း သိရပါသည်။

မွန်ပြည်နယ်အတွင်း နေလှန်းဆားကွင်းပေါင်းဧက (၄၃၀၀)ရှိပြီး ဆားလုပ်ငန်းရှင်(၉၀) ခန့်၊ ဆားကွင်းလုပ်သား (၁၅၀၀) နှင့်မိသားစုများ ရှိကြပြီး ဒေသခံအများစု၏ မှီခိုအားထားရာ မိရိုးဖလာ လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

## ၂၁။ မော်လမြိုင်ခရိုင်တွင် ရွေးကောက်ပွဲအပြီး ၂၉ ရက်အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းသူ ၁၀၀ ကျော်ရှိ

(December 08, 2020)

မော်လမြိုင်ခရိုင်တွင် ဒီဇင်ဘာ ၇ ရက်အထိ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းသူ ၁၁၀ ဦးရှိပြီဖြစ်ကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်ကို ရွေးကောက်ပွဲအပြီး ရက်ပေါင်း ၃၀ ရက်အတွင်းတင်သွင်းရမည်ဖြစ်ကာ မော်လမြိုင်ခရိုင်အတွင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းရမည့်သူ ၁၂၉ ဦးတွင် ၁၉ ဦးသာ တင်သွင်းရန်ကျန်ရှိတော့ကြောင်း သိရသည်။ အဆိုပါခရိုင်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများထဲတွင် သက်မှတ်ထားသည့် ရွေးကောက်ပွဲအသုံးစရိတ် ကျော်လွန်တင်ပြခြင်းမျိုး လက်ရှိအချိန်ထိ မတွေ့ရကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့အတူ သထုံခရိုင်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်း ၁၀၈ ဦးရှိပြီး ဒီဇင်ဘာ ၈ ရကအထိ ၇၀ ခန့်တင်ထားပြီးဖြစ်ကြောင်း သိရသည်။ http://burmese.monnews.org/2020/12/08

******************

## ၂၂။ မုဒုံမြို့နယ် သာယာကုန်းကျေးရွာရှိ ဘိန်းစာရွက်စိုက်ခင်းအား ဖမ်းဆီး

(၂၀၂၀ ဒီဇင်ဘာ ၉)

မုဒုံမြို့နယ်၊ တာပသွန်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာရှိ ဘိန်းစာရွက်စိုက်ခင်းအား မုဒုံမြို့မစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ဒီဇင်ဘာလ ၈ ရက်နေ့ ညနေပိုင်းတွင် ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ဘိန်းစာရွက်များစိုက်ပျိုးရောင်းချနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက အသိသက်သေများနှင့်အတူ သာယာကုန်းကျေးရွာနေ စောညီညီထွန်း(ခ)ညီညီ ၏ နေအိမ်သို့ ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်း စနစ်တကျစိုက်ပျိုးထားသည့် ပင်စည်လုံးပတ် (၁၄)လက်မ အရွယ်အပါအဝင် အရွယ်စုံအပင်(၇၀)ခန့်နှင့်အတူ ပျိုးပင်း(၁၂)ပင်အား ရှာဖွေဖမ်းဆီး ရမိခဲ့ခြင်းဖြစ်ကြောင်း မုဒုံမြို့မရဲစခန်းမှ သိရသည်။

အဆိုပါ ဘိန်းစာရွက်များ သုံးစွဲဖြန့်ဖြူးရောင်းချသူ စောညီညီထွန်း အပါ (၃)ဦးကို မုဒုံမြို့မရဲစခန်းမှ မယ(ပ)၈၈/၂၀၂၀ မူးစိတ်/ပြောင်းပုဒ်မ- ၁၉(က)/၁၆(က)/၂၁ ဖြင့်အမှုဖွင့်လှစ်ကာ ဖမ်းဆီးစစ်ဆေးလျှက်ရှိသည်။ မုဒုံမြို့နယ်၌ ၂၀၂၀ ခုနှစ်တွင် မုဒုံမြို့မရဲစခန်းမှ(၈၈)မှုနှင့် ကမာဝက်နယ်မြေရဲစခန်းမှ (၅၇)မှု စုစုပေါင်း မူးယစ်ဆေးဝါးအမှုပေါင်း (၁၄၅)မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ http://burmese.monnews.org/2020/12/09/

********************

## ၂၃။ စစ်တွေတွင် ဖမ်းဆီးခံရသည့်လူ့အခွင့်အရေးလှုပ်ရှားသူ ရခိုင်လူငယ် ၃ ဦးပြန်လွတ်မြောက်လာ

(10 Dec, 2020 )

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အထိမ်းအမှတ်လှုပ်ရှားမှုပြုလုပ်၍ ဖမ်းဆီးခံခဲ့ရသည့် လူ့အခွင့်အရေး လှုပ်ရှားသူ ရခိုင်လူငယ် ၃ ဦးမှာ ယနေ့ ညနေ ၄ နာရီအချိန်က ပြန်လွတ်လာကြောင်း သတင်းရရှိသည်။ သို့သော် ငြိမ်စုစီဖြင့် အမှုဖွင့်ခံရနိုင်ကြောင်း ပြန်လည်လွတ်မြောက်လာသူ ၃ ဦးထဲမှ ကိုမင်းဘာချေ (ခေါ်) ကိုသန်းလှက နိရဉ္စရာသတင်းဌာနသို့ ပြောသည်။

ဖမ်းဆီးခံရသူများမှာ ရခိုင်လူငယ်မျိုးဆက်သစ်ကွန်ရက်မှ ကိုမင်းဘာချေ (ခေါ်)ကိုသန်းလှ၊ ကိုနိုင်နိုင်ထွန်းနှင့် မခိုင်မြတ်သူ တို့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အထိမ်းအမှတ်လှုပ်ရှားမှုကို ဖမ်းဆီးခံလိုက်ရသူ ၃ ဦးအပါအဝင် လူပေါင်း (၃၀)ကျော်က ယနေ့ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်အစောတွင် စစ်တွေမြို့တစ်ပတ် ဆိုင်ကယ်စီး လှုပ်ရှားမှုပြုလုပ်၍ စတင်ခဲ့ခြင်းဖြစ်သည်။

ယနေ့သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဖြစ်သလို အမျိုးသမီးအကြမ်းဖက်မှု ပပျောက်ရေးနေ့ ဖြစ်သည့်အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများ ပပျောက်စေလို၍ ယခုကဲ့သို့ လှုပ်ရှားမှု ပြုလုပ်ရခြင်းဖြစ်သည်ဟုလည်း သိရသည်။ https://burmese.narinjara.com/news/detail/5fd1fc903f8935047dbb78e5

*****************

## ၂၄။ ကျောက်တော်-ပလက်ဝ ကုလားတန်မြစ်ကြောင်းကို ပြန်ဖွင့်ပေးရန် အစိုးရနှင့်တပ်မတော်ထံဒေသခံများ တင်ပြတောင်းဆို

(9 Dec, 2020)

ကျောက်တော်-ပလက်ဝ ခရီးလမ်း ကုလားတန်မြစ်ကြောင်းကို ပြန်ဖွင့်ပေးရေး ချင်းပြည်နယ်အစိုးရနှင့် တပ်မတော်တို့ထံ မြို့နယ်အုပ်ချုပ်ရေးမှူးကဦးဆောင်ကာ တင်ပြတောင်းဆိုထားကြောင်း ပလက်ဝမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လေသဟာ က ပြောသည်။

ရက္ခိုင့်တပ်တော် (AA) နှင့် မြန်မာ့တပ်မတော်တို့ နှစ်ဘက်တိုက်ပွဲများအကြား ကျောက်တော်နှင့် ပလက်ဝသို့ ကူးသန်း ဆက်သွယ်သည့် ကုလားတန်မြစ်ကြောင်းကို ပိတ်ထားသည်မှာ တစ်နှစ်ခန့် ကြာမြင့်နေပြီဖြစ်၍ ပလက်ဝမြို့နယ်မှ ဒေသခံ များမှာ ကုန်ပစ္စည်းများကို ဈေးနှုန်းအဆမတန်ဖြင့် ဝယ်ယူနေကြရကြောင်း ပလက်ဝဒေသခံ ဦးစိုးလှက ပြောသည်။ သွား/လာခွင့်ပိတ်ထားသည့် ယင်းကုလားတန်မြစ်ကြောင်းကို ဖွင့်ပေးမှသာ ပလက်ဝမြို့နယ်မှ ဒေသခံများ၏ စားဝတ်နေရေး၊ ကျန်းမာရေးတို့အတွက် အဆင်ပြေမည်ဖြစ်ကြောင်း ပလက်ဝနှင့် ကျောက်တော်သို့ ပြေးဆွဲနေသည့် စက်လှေ/ကူတို့ပိုင်ရှင် ဦးဆရာဘက ပြောသည်။

အဆိုပါ ကုလားတန်မြစ်ကြောင်း ပြန်ဖွင့်ပေးရေး တင်ပြတောင်းဆိုမှုနှင့်ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရ၏ သဘောထားအား သိလို၍ ချင်းပြည်နယ် စည်ပင်ဝန်ကြီး ဦးစိုးထက်အား ယမန်နေ့ နေ့လယ်ပိုင်းက နိရဉ္စရာမှ ဆက်သွယ်ခဲ့ရာ ဖုန်းဖြေဆိုရန် မအားသေးကြောင်းပြောဆို၍ ယနေ့ နေ့လယ်ပိုင်းက ထပ်မံဆက်သွယ်ခဲ့သော်လည်း လောလောဆယ် ဖုန်းဖြေဆိုရန် မအားသေးကြောင်း ပြောသဖြင့် ချင်းပြည်နယ် အစိုးရ၏ သဘောထားအား နိရဉ္စရာမှ တင်ပြနိုင်ခြင်းမရှိသေးပါ။

## ၂၅။ ပျောက်ဆုံးနေသည့် တင်းမရွာသား ၁၈ ဦးအတွက် အမှုဖွင့်တိုင်ကြားချက်ကို ကျောက်တော်မြို့မရဲစခန်းမှ လက်မခံဟု မိသားစုဝင်များဆို

(09 Dec, 2020)

ယမန်နေ့ ဒီဇင်ဘာ ၈ ရက်နေ့ ညနေ ၃ နာရီခွဲခန့်က တင်းမကျေးရွာ အုပ်ချုပ်ရေးမှူး အပါအဝင် မိသားစုဝင်များစုပေါင်း၍ လူ ၂၀ ဦးခန့်က ကျောက်တော်မြို့မ ရဲစခန်းသို့ သွားရောက်ပြီး ပျောက်ဆုံးနေသူ တင်းမရွာသား ၁၈ ဦးအတွက် သွားရောက် အမှုဖွင့်ခဲ့ရာ ရဲစခန်းမှ တာဝန်ကျအရာရှိက အမှုကို လက်မခံခဲ့ကြောင်း မိသားစုဝင်များက ပြောသည်။

၄င်းတင်းမသစ်ကျေးရွာတွင် မတ်လ ၁၃ရက်နေ့ ကရွာသား(၈)ဦး၊ မတ် ၁၆ ရက်နေ့က တင်းမကြီးရွာမှ (၁၀)ဦးနှင့် ရွာဘုန်းကြီးကျောင်းတွင် အစောင့်အဖြစ်ကျန်နေခဲ့သူ (၃) ဦး၊ စုစုပေါင်း (၂၁) ဦးတို့အား ယနေ့အထိ သတင်းအစအန မရပျောက်ဆုံးနေသဖြင့် သွားရောက်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း အမှုဖွင့်ရာတွင် လိုက်ပါ ဆောင်ရွက်ပေးသူ ကိုဇော်ဝင်း(ခ) လူထုဇော်ဝင်းက ပြောသည်။ အမှုနှင့် ပတ်သက်ပြီး ကျောက်တော်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် က ၄င်းတို့ လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် လက်မှတ်ထိုး၍ ဒီဇင်ဘာလ ၁ ရက်နေ့က လူ့အခွင့်ရေးကော်မရှင်နှင့် နိုင်ငံတော်အတိုင်ပင်ခံတို့အား တင်ပြထားကြောင်း ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းရန် ကျောက်တော်မြို့နယ် ရဲတပ်ဖွဲ့ ဒုရဲမှူးကျော်သူထွန်းသို့ ဆက်သွယ်ရာ ဖုန်းလက်ခံဖြေဆိုခြင်း မရှိသဖြင့် ရဲဘက်က သဘောထားကို တင်ပြနိုင်ခြင်းမရှိပါ။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း တို့အားဆက်သွယ်ရာတွင်လည်း ဖုန်းလက်ခံ ဖြေဆိုခြင်း မရှိသဖြင့် အာဏာပိုင်များ၏ သဘောထားကို တင်ပြနိုင်ခြင်း မရှိပါ။ https://burmese.narinjara.com/news/detail/5fd0a9f73f8935047dbb78df

*****************

## ၂၆။ နမ္မတူတိုက်ပွဲ လက်နက်ကြီးကျည်ကျ ရွာသား ၄ ဦး ကျည်စထိမှန် ကိုယ်ဝန်သည်တဦးပါဝင်

(December 11, 2020)

သျှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ် နမ့်ပိုင်ကျေးရွာအနီး RCSS နှင့် TNLA တို့အကြား ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွါးရာ လက်နက်ကြီးကျည်ကျသဖြင့် ကိုယ်ဝန်သည် အမျိုးသမီး အပါအဝင် ထိခိုက်ဒဏ်ရာရရှိသူ (၄) ဦး ရှိကြောင်းသိရသည်။

ယမန်နေ့ ဒီဇင်ဘာ (၁၀) ရက် ည ၅ နာရီ မှ ၆ နာရီထိ နှစ်ဘက် တိုက်ပွဲများဖြစ်ပွားစဉ် ရွာသားများ ပြောင်းကြိတ် နေသည့်နေရာအနီး လက်နက်ကြီးကျည်ကျရောက်ရာ ကျည်စထိမှန်ပြီး ၄ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း RCSS/SSA ၏ ပြောရေး ဆိုခွင့်ရှိသူ ဗိုလ်မှူးခမ်းစံက သျှမ်းသံတော်ဆင့် ကိုပြောသည်။ ဒီဇင်ဘာ (၉) ရက် မနက်ပိုင်း နမ္မတူမြို့နယ်အတွင်း မန်စံကျေးရွာအုပ်စု နားကဲ့ကျေးရွာအနီး RCSS နှင့် မဟာမိတ်တပ်ပေါင်းစုများ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရွာသားများ မန်စံ ဘုန်းကြီးကျောင်းသို့ စစ်ဘေးရှောင်ခဲ့ရသည်။ယနေ့ လက်ရှိချိန်ထိ ကျေးရွာသားတစ်ချို့ နေရပ်သို့ မပြန်နိုင်သေးပေ။

PSLF/TNLA သတင်းနှင့် ပြန်ကြားရေးဌာန ရေးသားဖော်ပြချက်အရ ဒီဇင်ဘာလအတွင်း RCSS တပ်ဖွဲ့တို့ နယ်မြေကျူးကျော် ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် တအာင်းတပ်မတော် (TNLA) နှင့် တိုက်ပွဲ (၃) ကြိမ် ဖြစ်ပွားခဲ့ကြောင်း ရေးသားဖော်ပြထား သည်။ https://burmese.shannews.org/archives/19854

## ၂၇။ ကျန်းမာရေးလိုက်နာမှုအားနည်းသောကြောင့် တောင်ကြီးတွင် ကိုဗစ် ၁၉ လူနာ ၁၁၇ ထိတိုးလာ မြို့နယ်ကျန်းမာရေးပြော

(December 11, 2020)

သျှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့တွင် ယနေ့ ဒီဇင်ဘာ ၁၁ ရက်နေ့ထိ ကိုဗစ် ၁၉ လူနာ ၁၁၇ ဦးရှိပြီကြောင်း စုံစမ်းသိရှိရသည်။

လူနာ ၁၁၇ အနက် ဆေးရုံ၌ဆေးကုသမှုခံယူနေသည့်ကိုဗစ် ၁၉ အတည်ပြုလူနာ ၂၅ ဦးကျန်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာမိုးထွန်းက သျှမ်းသံတော်ဆင့် ကိုပြောသည်။ ယနေ့ ဒီဇင်ဘာ ၁၁ ရက်တွင်ကိုဗစ်အတည်ပြုလူနာသစ် ၂ ဦးထပ်တိုးကြောင်း သိရသည်။ တောင်ကြီးမြို့သည် ကိုဗစ် ၁၉ အတည်ပြုလူနာ များလာရခြင်းမှာ ဒုတိယလှိုင်းစရာတွင် ပြည်သူများ အနေဖြင့် ကျန်းမာရေး လိုက်နာမှုအားနည်းပြီး ခရီးသွားမှုများသောကြောင့် ဖြစ်သည်ဟု ဒေါက်တာမိုးထွန်းက ဆိုသည်။

ယခုကဲ့သို့ ကိုဗစ် လူနာများလာရခြင်းသည် ဆရာဝန်များအတွက် ပိုးတွေ့လူနာနှင့် ထိတွေ့ဆက်ဆံသူ များကို လိုက်ရှာရာတွင် အခက်ခဲများစွာရှိကြောင်း ဒေါက်တာမိုးထွန်းက ထပ်လောင်းပြောသည်။

https://burmese.shannews.org/archives/19863

*******************

**မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**** ပြီး ****